**Assistance Association for Political Prisoners (Burma)**
နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း (မြန်မာနိုင်ငံ)

AAPP

P.O Box 93, Mae Sot, Tak Province 63110, Thailand
E-mail: info@aappb.org, info.aappburma@gmail.com Website: www.aappb.org



ဧရာဝတီသတင်းဌာနမှ ရိုက်ကူးပြီး အေအေပီပီမှ ၂၀၁၅ ခုနှစ်၊ မေလ ၄ ရက်နေ့တွင် ရရှိအသုံးပြုသည်။

## လက်ရှိအခြေအနေ အကျဉ်းချုပ်

မေလကုန်မှ အစပြုပြီး နိုင်ငံရေးအကျဉ်းသား စုစုပေါင်း ၁၆၃ ဦး မြန်မာနိုင်ငံတွင် ဖမ်းဆီးခံနေရပြီး နိုင်ငံရေး လှုပ်ရှားမှုများကြောင့် တက်ကြွလှုပ်ရှားသူ စုစုပေါင်း ၄၄၂ ဦး လက်ရှိအချိန်တွင် တရားရင်ဆိုင်နေရပါသည်။

# ၂၀၁၈ခုနှစ်၊ မေလ၊ နိုင်ငံရေး အကျဉ်းသားများ အခြေအနေပြ လစဉ်အစီရင်ခံစာ

## မာတိကာ

- တစ်လအတွင်း သုံးသပ်ချက်
- ထိန်းသိမ်းခံရခြင်းများ
- ထောင်ဒဏ်ချမှတ်ခံရခြင်းများ
- ထောင်မှ လွှတ်မြောက်မှုများ
- ထောင်တွင်း အခြေအနေများ
- နိုင်ငံရေးနှင့် နိုင်ငံသားတို့၏ လွတ်လပ်ခွင့်အပေါ် တားမြစ်ခြင်းများနှင့် ဆန္ဒထုတ်ဖော်မှုများ၊
- နိုင်ငံရေးအကျဉ်းသားဟောင်းများအပေါ် ကန့်သတ်တားမြစ်ချက်များ
- မြေယာသိမ်းဆည်းမှုများ
- အရေးပါသော နိုင်ငံတကာဆိုင်ရာ တိုးတက်မှုများ
- နိဂုံးချုပ်နှင့် သုံးသပ်ချက်
- အရေးပါသည့် ဆက်စပ်သတင်းများဖတ်ရန် Links

# တစ်လအတွင်း သုံးသပ်ချက်

ယခုလတွင် နိုင်ငံရေးတက်ကြွလှုပ်ရှားသူ ၄၉ ဦး တရားစွဲဆိုခံရပြီး၊ ထို ၄၉ ဦးထဲမှ ၄၁ ဦးတို့သည့် အကျဉ်းထောင်အတွင်း ထိန်းသိမ်းခံနေရကာ တရားရင်ဆိုင်နေပါသည်။ တက်ကြွလှုပ်ရှားသူ ၁၆ ဦး ထောင်ဒဏ်များ ချမှတ်ခံရကာ နိုင်ငံရေးအကျဉ်းသား ၂ ဦး အကျဉ်းထောင်များမှ ပြန်လည် လွတ်မြောက်ခဲ့ပြီး၊ နိုင်ငံရေးအကျဉ်းသား ကိုစိုင်းတင်မင်းထွန်း၊ ကိုဇော်သက်အောင်၊ ကိုရာဇာဦးနှင့် ကိုနေမျိုးဇင်တို့ လေးဦးသည် အကျဉ်းထောင်များအတွင်း ကျန်းမာရေး မကောင်းကြောင်း သိရှိရပါသည်။

ယခုလတွင် တစ်ကိုယ်တော်ဆန္ဒပြမှုကြောင့် တက်ကြွလှုပ်ရှားသူတစ်ဦး ပုဒ်မ ၅၀၅ (ခ) ဖြင့် တရားစွဲဆိုခြင်းခံရပြီး သာယာဝတီအကျဉ်းထောင်သို့ ပို့ဆောင်ထိန်းသိမ်းခြင်း ခံခဲ့ရပါသည်။ ရခိုင်ဒေသခံ ၃၂ ဦးတို့ ရခိုင်တပ်မတော် (AA) နှင့် အဆက်အသွယ်ရှိသည်ဟူသော သံသယဖြင့် ဖမ်းဆီးခံခဲ့ရပြီး ပုဒ်မ ၁၇/၁ ဖြင့် တရားစွဲဆိုခြင်း ခံခဲ့ရပါသည်။ ထို့အပြင် မန္တလေးတိုင်းတွင် မြေသိမ်းမှုကို မြေပိုင်ရှင်များမှ ကန့်ကွက်ဆန့်ကျင်သောကြောင့် မြေပိုင်ရှင်အမျိုးသမီး ၅ ဦး ဖမ်းဆီးထိန်းသိမ်းခံရကာ ဝတ္တရားနှောက်ယှက်မှု ပုဒ်မ ၃၃၃ ဖြင့် တရားစွဲခြင်း ခံခဲ့ရပါသည်။

ပြီးခဲ့သည့်နှစ်အကုန်ပိုင်းလောက်တွင် စစ်တပ်မှ ဖမ်းဆီးထားစဉ်အတွင်း အသတ်ခံခဲ့ရသည့် အလွတ်သတင်းထောက် ကိုပါကြီး သေဆုံးမှုတွင် ပြစ်မှုကျူးလွန်ခဲ့ကြသည့် စစ်သားနှစ်ဦး စစ်တပ်၏ ပုဒ်မ ၇၁၊ ရာဇသတ်ကြီး ဥပဒေပုဒ်မ ၃၀၄ လူသတ်မှုတို့နှင့် တရားရင်ဆိုင်နေရပြီး၊ မြန်မာအမျိုးသား လူ့အခွင့်အရေး ကော်မရှင် (MNHRC) မှ အရပ်ဖက်တရားရုံးတွင် စစ်ဆေးရန် အကြံပြုခဲ့သော်လည်း စစ်တပ်မှ စစ်ခုံရုံးတွင်သာ စစ်ဆေးရန် ဆုံးဖြတ်ခဲ့သည့်အတွက် ထိုအမှုအား စစ်ခုံရုံးတွင် စစ်ဆေးခဲ့သလို အရပ်ဖက်တရားရုံးမှလည်း အပြိုင်စစ်ဆေးလျက်ရှိပါသည်။ စစ်ခုံရုံးမှ တရားခံနှစ်ဦးတို့အား ၂၀၁၅ ခုနှစ်၊ မေလ ၈ ရက်နေ့တွင် တရားသေလွှတ်ပေးခဲ့သော်လည်း အရပ်ဖက်တရားရုံးမှ ထိုအမှုအား ဆက်လက် စစ်ဆေးနေဆဲဖြစ်ပါသည်။

ယခုလတွင်ပင် နိုင်ငံရေးတက်ကြွလှုပ်ရှားသူများကို ဖမ်းဆီးရာတွင် မကြာခဏ အသုံးပြုသည့် အရေးပေါ်စီမံချက်အက်ဥပဒေအား ဆက်လက်အသုံးပြုရန် လွှတ်တော်တွင် မေလ ၂၀ ရက်နေ့၌ မဲခွဲဆုံးဖြတ်ခဲ့ကြပါသည်။ ထိုပုဒ်မအရ နိုင်ငံတော်အား ဆန့်ကျင်မှု အမျိုးမျိုးတို့အတွက် ထောင်ဒဏ် ၇ နှစ် အထိ ချမှတ်နိုင်ပါသည်။ ပြုပြင်ပြောင်းလဲမှုများ စတင်ပြုလုပ်နေသည့် ၂၀၁၁ ခုနှစ်မှစ၍ ထိုပုဒ်မအား ဖျက်သိမ်းပါက "တိုင်းပြည် ကမောက်ကမ ဖရိုဖရဲ ဖြစ်စေမည်" ဟု သဘောမတူညီမှုများ ရှိခဲ့ပြီး ယခု တတိယ အကြိမ် မဲခွဲဆုံးဖြတ်ရာတွင် ထိုဥပဒေအား ဖျက်သိမ်းရန် တင်သွင်းသည့် အဆိုအား ထောက်ခံမဲ ၅၀၊ ဆန့်ကျင်သည့် မဲအရေအတွက် ၂၅၆ မဲ၊ ပျက်ကွက်မဲအရေအတွက် ၁၇ မဲတို့နှင့် အောက်လွှတ်တော်မှ ပယ်ချခဲ့ပါသည်။

*၂၀၁၅ ခုနှစ်၊ မေလ ၁၁ ရက်၊ ဒီဗွီဘီ (အင်္ဂလိပ်)*
*၂၀၁၅ ခုနှစ်၊ မေလ ၁၂ ရက်၊ မဇ္ဈိမ (အင်္ဂလိပ်)*
*၂၀၁၅ ခုနှစ်၊ မေလ ၂၁ ရက်၊ ဧရာဝတီ (အင်္ဂလိပ်)*
*၂၀၁၅ ခုနှစ်၊ မေလ ၂၅ ရက်၊ ဒီဗွီဘီ (အင်္ဂလိပ်)*

# ထိန်းသိမ်းခံရခြင်းများ

## တစ်ကိုယ်တော် ဆန္ဒပြသူ တရားစွဲဆိုခံရပြီး သာယာဝတီ အကျဉ်းထောင်သို့ ပို့ဆောင် ထိန်းသိမ်းခံရ

တစ်ကိုယ်တော်ဆန္ဒပြသူ ကိုဝင်းလှိုင်အား ရာဇသတ်ကြီး ဥပဒေပုဒ်မ ၅၀၅ (ခ)နှင့် တရားစွဲဆိုပြီး သာယာဝတီ အကျဉ်းထောင်သို့ ၂၀၁၅ ခုနှစ်၊ မေလ ၂၆ ရက်နေ့တွင် ပို့ဆောင်ထိန်းသိမ်းခဲ့ပါသည်။ ကျောင်းသားများအား အမှုစစ်ဆေးရန်အတွက် ယခင်ပြုလုပ်ခဲ့သည့် တရားရုံးချိန်းများတွင် သာယာဝတီ တရားရှေ့၌ တစ်ကိုယ်တော် ဆန္ဒပြခဲ့သည့်အတွက် ထိုကဲ့သို့ ဖမ်းဆီးခံခဲ့ရခြင်းဖြစ်ကြောင်း သိရှိရပါသည်။
*၂၀၁၅ ခုနှစ်၊ မေလ ၂၆ ရက်၊ ဗွီအိုအေ*

## ရခိုင်တပ်မတော် (AA) နှင့်စပ်လျဉ်းပြီး သံသယရှိသည့်အတွက် ဒေသခံများစွာ ဖမ်းဆီးခံရ

ရခိုင်တပ်မတော် (AA) နှင့် ဆက်နွယ်မှုရှိသည်ဟု စွပ်စွဲချက်ဖြင့် စုစုပေါင်း ဒေသခံ ၃၂ ဦးတို့အား ရဲမှဖမ်းဆီးခံပြီး၊ ၂၃ ဦးတို့မှာ ကျောက်ဖြူ၊ မင်းပြား၊ ပေါက်တောနှင့် ရသေ့တောင်မြို့နယ်များမှ ဖမ်းဆီးခံခဲ့ရသူများဖြစ်ပါသည်။ ထိုဖမ်းဆီးခံရသူ အားလုံးအား ကျောက်တော်မြို့သို့ ၂၀၁၅ ခုနှစ်၊ မေလ ၂ ရက်နေ့တွင် ပို့ဆောင်ခဲ့ပြီး၊ စစ်ဆေးမေးမြန်းရန်အတွက်၊ ကျောက်တော်မြို့နယ် ရဲစခန်းအတွင်း ထိန်းသိမ်းထားခဲ့ပါသည်။ အစိုးရစစ်တပ်မှ စစ်ကြော မေးမြန်းနေစဉ်အတွင်း ဖမ်းဆီးခံရသူအများစုမှ ရခိုင်တပ်မတော် (AA) နှင့် အဆက်အသွယ်ရှိကြောင်း ဝန်ခံခဲ့ကြသော်လည်း၊ အချို့ ဖမ်းဆီးခံနေရသူများသည် ရခိုင်တပ်မတော်နှင့် အဆက်အသွယ်မရှိကြပါ၊ သို့သော်လည်း ထိုသူများသည် ဆက်လက်ထိန်းသိမ်းခံနေရဆဲ ဖြစ်ပါသည်။

ဖမ်းဆီးခံထားရသူများထဲမှ အရပ်သား သုံးဦးမှာ၊ လဟာကျယ်ရွာမှ ရွာသူကြီး တစ်ဦးဖြစ်သူ ဦးဝင်းမောင်၊ ငါးသိုင်းချောင်းကျွန်းမှ ဆရာတစ်ဦးဖြစ်သူ ဦးရွှေလုံး၊ မင်းပြားရွာမှ အကယ်ဒမီ စီဒီအငှားဆိုင်တွင် အလုပ်လုပ်သူ ကိုမျိုးဝင်းဇော်တို့ဖြစ်ပြီး၊ ထိုသုံးဦးတို့သည် ရခိုင်ပြည်နယ် မင်းပြားမြို့နယ်ရှိ ရခိုင်တပ်မတော် (AA) နှင့် ၂၀၁၅ ခုနှစ်၊ ဧပြီလ ၂၈ ရက်နေ့တွင်၊ အဆက်အသွယ်ရှိသည်ဟု စွပ်စွဲခံရပြီး ဖမ်းဆီးခံခဲ့ရခြင်းဖြစ်သည်။ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ရဲမှူးတို့မှ ထိုဖမ်းဆီးမှုအား စစ်တပ်မှ ဖမ်းဆီးခဲ့သည့်အတွက် ၎င်းတို့အနေဖြင့် မည်သို့မှ မတတ်နိုင်ကြောင်းလည်း ပြောကြားခဲ့ပါသည်။ ထိုဖမ်းဆီးခံရသူ သုံးဦးတို့အား ကျောက်တော်မြို့နယ်ရှိ စစ်ဆင်ရေး ကွပ်ကဲမှုဌာနချုပ် အမှတ်- ၉ သို့ ခေါ်ဆောင်သွားကြောင်း ယူဆနေကြပြီး၊ ကျောက်တော်မြို့နယ်တွင် ဖမ်းဆီးခံခဲ့ရသည့် ရခိုင်အမျိုးသားပါတီမှ ကော်မတီအဖွဲ့ဝင် တစ်ဦးအားလည်း ဧပြီလ ၂၉ ရက်နေ့မှ စတင်ဖမ်းဆီးခဲ့ပြီး ရဲများမှ ဆက်လက်ဖမ်းဆီးထားကြောင်းလည်း သိရှိရပါသည်။

ဧပြီလအတွင်း အောင်လံချောင်းရွာအနီးတွင် ကျင်းပပြုလုပ်ခဲ့သည့် ရခိုင်တပ်မတော် အဖွဲ့ဝင်အစည်းအဝေးအား တက်ရောက်ခဲ့သည်ဟု စွပ်စွဲချက်ဖြင့် နောက်ထပ် ဒေသခံ ၉ ဦး ၂၀၁၅ ခုနှစ်၊ မေလ ၂၀ ရက်နေ့တွင် ဖမ်းဆီးခံရကြောင်း၊ ကျောက်တော်မြို့နယ် ရဲအရာရှိ ခင်မောင်၏ ပြောကြားချက်အရ သိရှိရပါသည်။ ရဲအရာရှိခင်မောင်မှ "စုစုပေါင်း ၃၂ ဦး ဖမ်းထားတယ် သူတို့အားလုံးကို ပုဒ်မ ၁၇ (၁) နဲ့ တရားစွဲဆိုထားတယ် သူတို့ကို စစ်ဆေးနေပြီး အမှုတည်ဆောက်ဖို့ လုပ်နေပါတယ် မေလ ၂၅ ရက်နေ့မှာ ဥပဒေအကြံပြုချက်တောင်းဆိုထားတယ် ဥပဒေအကြံပြုချက်ပေါ်ကို မူတည်ပြီး သူတို့အမှုကို မေလ ၂၈ နေ့မှာ တရားရုံးကို တင်မှာပါ" ဟု ဖြည့်စွက်ပြောကြားသွားခဲ့ပါသည်။
*၂၀၁၅ ခုနှစ်၊ မေလ ၂၁ ရက်၊ ဒီဗွီဘီ (အင်္ဂလိပ်)*
*၂၀၁၅ ခုနှစ်၊ မေလ ၁၁ ရက်၊ Burma International News (အင်္ဂလိပ်)*
*၂၀၁၅ ခုနှစ်၊ မေလ ၇ ရက်၊ Burma International News (အင်္ဂလိပ်)*
*၂၀၁၅ ခုနှစ်၊ မေလ ၇ ရက်၊ မြန်မာတိုင်းမ် (အင်္ဂလိပ်)*
*၂၀၁၅ ခုနှစ်၊ မေလ ၆ ရက်၊ ဧရာဝတီ (အင်္ဂလိပ်)*
*၂၀၁၅ ခုနှစ်၊ မေလ ၂၅ ရက်၊ လွတ်လပ်တဲ့ အာရှအသံ*

## လူနာတင်ယဉ်မောင်းသူ ဖမ်းဆီးတရားစွဲခံရ

ပြီးခဲ့သည့်နှစ်တွင် အစိုးရအာဏာပိုင်များမှ လူထုအခြေပြုအဖွဲ့အစည်းများ လူနာတင်ယဉ် အသုံးပြုရန်အတွက် တရားဝင်လိုင်စင်များ ထုတ်ပေးခဲ့သော်လည်း မြို့နှင့်ဝေးသည့် နယ်မြို့များတွင် ထိုသတင်းအချက်အလက်အား မကြားခဲ့သလို လိုင်စင်များလည်း မရရှိခဲ့ကြပါ။ ထို့ကြောင့် ပဲခူးမြို့အခြေစိုက် "Star Light Family" လူထုအခြေပြု အဖွဲ့ပိုင်လူနာတင်ယဉ်မှ ကလေးလူနာ တစ်ဦးနှင့် ရန်ကုန်မြို့သို့အသွား ထောက်ကြံ့လမ်းဆုံတွင် ဧပြီလ ၂၃ ရက်နေ့၌ ရန်ကုန်တိုင်း ကြက်ခြေနီနှင့် ရဲတပ်ဖွဲ့တို့၏ ရပ်တန့်စစ်ဆေးမှုကို ခံခဲ့ရပါသည်။ ကားလိုင်စင်မရှိသည့်အတွက် လူနာတင်ယဉ်အား သိမ်းဆည်းခဲ့ပြီး၊ ယဉ်မောင်းဖြစ်သူ ကိုစောထွန်းအောင်အား ဖမ်းဆီးခဲ့ပါသည်။ ကိုစောထွန်းအောင်အား ကားတရားမဝင် တင်သွင်းမှုနှင့် မောင်းနှင်မှု ပုဒ်မ ၈ ဖြင့် မင်္ဂလာဒုံမြို့နယ် ရဲစခန်းတွင် တရားစွဲဆိုခဲ့ပြီး၊ အင်းစိန်အကျဉ်းထောင်သို့ ပို့ဆောင်ခဲ့ပါသည်။ ကိုစောထွန်းအောင်အား မေလ ၁၂ ရက်နေ့တွင် အာမခံဖြင့် ပြန်လည်လွှတ်ပေးလိုက်ကြောင်း သိရှိရပါသည်။
*၂၀၁၅ ခုနှစ်၊ မေလ ၄ ရက်၊ the Standard Time Daily*

## ရဲများနှင့် လယ်သမားများ ထိပ်တိုက်တွေ့ဆုံခြင်းအား ဓါတ်ပုံရိုက်ကူးခဲ့သည့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အဖွဲ့ဝင် ၂ ဦး ဖမ်းဆီးခံရ

မန္တလေး မြို့သာစက်မှုဥယျာဉ်မြို့တွင် လယ်သမားများနှင့် ရဲများ ထိပ်တိုက်တွေ့ဆုံနေမှုအား ဓါတ်ပုံရိုက်ကူးခဲ့သည့် အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ် (NLD) အဖွဲ့ဝင် ၂ ဦးဖြစ်သူ ကိုကျော်သူမြင့်နှင့် ကိုအောင်ကိုဝင်းတို့ နှစ်ဦး ဧပြီလ ၂၉ ရက်နေ့တွင် ဖမ်းဆီးခံခဲ့ရပါသည်။ ၎င်းတို့နှစ်ဦးသည် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ လယ်မြေသိမ်းဆည်းခံရသည့် လယ်သမားများအရေးအား ကူညီရန် ထပ်မံဖွဲ့စည်းထားသည့် အဖွဲ့၏အဖွဲ့ဝင် နှစ်ဦးဖြစ်ပြီး၊ လယ်သမားများမှ အကူအညီတောင်းခံခဲ့သောကြောင့် သမ္မတ၊ လွှတ်တော်နှင့် ပြည်ထဲရေးဝန်ကြီးဌာနတို့သို့ လက်ရှိပြဿနာအား တင်ပြရန် ထိုနေရာသို့ သွားရောက်ခဲ့ခြင်းဖြစ်သည်။ ထိုနှစ်ဦးအား ရာဇသတ်ကြီးပုဒ်မများဖြစ်သော ပုဒ်မ ၁၄၃၊ ၁၄၇၊ ၅၀၅ (ခ)၊ ၁၁၄ နှင့် ပုဒ်မ ၁၀၉ တရားမဝင်လူစုမှု၊ ဆူပူအောင်ပြုလုပ်မှု စသည်တို့ဖြင့် တရားစွဲဆိုခဲ့ပြီး မြင်းခြံအကျဉ်းထောင်သို့ ပို့ဆောင်လိုက်ကြောင်း သိရှိရပါသည်။
*၂၀၁၅ ခုနှစ်၊ မေလ ၁ ရက်၊ မြန်မာတိုင်းမ် (အင်္ဂလိပ်)*

# ထောင်ဒဏ်ချမှတ် ခံရခြင်းများ

### ကျောင်းသားဆန္ဒပြပွဲအား ထောက်ခံခဲ့သည့် တက္ကသိုလ်ဆရာတစ်ဦး ထောင်ဒဏ်ချမှတ်ခံရ

ပုသိမ်နည်းပညာတက္ကသိုလ်မှ ဆရာတစ်ဦးဖြစ်သူ ဦးဝေယံအောင်အား အမျိုးသားပညာရေး ဥပဒေ အပေါ်ဆန့်ကျင်ဆန္ဒပြခဲ့သည့် ကျောင်းသားများ ဆန္ဒပြပွဲတွင် ပါဝင်ခဲ့သည့်အတွက် ပထမဦးဆုံး ထောင်ချသူအဖြစ် ၂၀၁၅ ခုနှစ်၊ မေလ ၂၂ ရက်နေ့တွင် ထောင်ဒဏ် ချမှတ်ခဲ့ပါသည်။ ဦးဝေယံအောင်အား ငြိမ်းချမ်းစွာစုဝေးခြင်းနှင့် ငြိမ်းချမ်းစွာ ဆန္ဒပြခြင်းဆိုင်ရာ ဥပဒေပုဒ်မ ၁၈ ဖြင့် ထောင်ဒဏ် ၃ လနှင့် အလုပ်ကြမ်း ချမှတ်မှတ်ခဲ့ခြင်းဖြစ်ပြီး ၎င်းအား မတ်လ ၅ ရက်နေ့တွင် ဖမ်းဆီးခဲ့ကာ နောက်တစ်နေ့တွင် တက္ကသိုလ်အာဏာပိုင်များ၏ အလုပ်မှ ယာယီရပ်ဆိုင်းခြင်းခဲ့ခဲ့ရပါသည်။ ဦးဝေယံအောင်အား အခြားမြို့နယ်များမှလည်း ပုဒ်မ ၁၈၊ ၁၉ တို့နှင့် ထပ်မံ တရားစွဲဆိုထားကြောင်း သိရှိရပါသည်။
*၂၀၁၅ ခုနှစ်၊ မေလ ၁၉ ရက်၊ လွတ်လပ်တဲ့ အာရှအသံ*
*၂၀၁၅ ခုနှစ်၊ မေလ ၂၆ ရက်၊ မဇ္ဈိမ (အင်္ဂလိပ်)*

### ယူနတီ သတင်းထောက်တို့၏ အယူခံအား အထက်တရားလွှတ်တော်ရုံးမှ ပယ်ချ

၂၀၁၅ ခုနှစ်၊ မေလ ၁၅ ရက်နေ့တွင် ယူနတီသတင်းထောက် ၅ ဦးတို့၏ နောက်ဆုံးအယူခံအား အထက်တရားရုံးမှ ပါယ်ချလိုက်ပါသည်။ သတင်းထောက် ကိုလူမော်နိုင်၊ ကိုစည်သူစိုး၊ ကိုပိုင်သက်ကျော်၊ ကိုရာဇာဦးနှင့် ယူနတီသတင်းဂျာနယ်၏ အယ်ဒီတာချုပ် ဦးတင့်ဆန်းတို့အား တပ်မတော် ကာကွယ်ရေးဦးစီးချုပ်ပိုင် စက်ရုံအား ခွင့်ပြုချက်မရှိပဲ ဓါတ်ပုံရိုက်ကူးမှုနှင့် တားမြစ်နယ်မြေအား ကျူးကျော်ဝင်ရောက်မှုတို့ကြောင့် ၁၉၂၃ ခုနှစ် နိုင်ငံတော်လျှို့ဝှက်အက်ဥပဒေပုဒ်မဖြင့် ၂၀၁၄ ခုနှစ်၊ ဇူလိုင်လတွင် ထောင်ဒဏ်များ ချမှတ်ခဲ့ပါသည်။ ၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ ၂ ရက်နေ့တွင် မကွေးမြို့နယ် တရားရုံးမှ ထောင်ဒဏ် ၁၀ နှစ်နှင့် အလုပ်ကြမ်း ချမှတ်ထားခြင်းအား ထောင်ဒဏ် ၇ နှစ်သို့ ပြောင်းလဲ၍ စီရင်ချက်ချခဲ့ပါသည်။

"ထောင်ဒဏ်က လွတ်လပ်တဲ့ တရားစီရင်မှုအရ ချမှတ်ပုံမရကြောင်း" ရှေ့နေဦးရောဘတ်ဆန်းအောင်မှ ပြောကြားခဲ့ပါသည်။
*၂၀၁၅ ခုနှစ်၊ မေလ ၂၁ ရက်၊ မြန်မာတိုင်းမ် (အင်္ဂလိပ်)*

### နိုင်ငံရေး တက်ကြွလှုပ်ရှားသူ ၆ ဦး ထောင်ဒဏ် ၄ နှစ်နှင့် ၄ လ ချမှတ်ခံရ

၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလ ၂၉ ရက်နေ့တွင်၊ စစ်ကိုင်းတိုင်းရှိ ကော့ပါးမိုင်းစီမံကိန်းအား ဆန့်ကျင်ဆန္ဒပြရန် ရန်ကုန်မြို့ တရုတ်သံရုံးရှေ့ ဆန္ဒပြပွဲတွင် ပါဝင်ခဲ့သောကြောင့် နိုင်ငံရေး တက်ကြွလှုပ်ရှားသူ ၆ ဦးဖြစ်ကြသော ကိုနေမျိုးဇင်၊ ကိုတင်ထွဋ်ပိုင်၊ ကိုသန်းဆွေ၊ ဒေါ်နော်အုန်းလှ၊ မစိန်ထွေးနှင့် မစန်းစန်းဝင်းတို့အား ဒဂုံမြို့နယ် တရားရုံးမှ ၂၀၁၅ ခုနှစ်၊ မေလ ၁၅ ရက်နေ့တွင် ထောင်ဒဏ် အသီးသီး ချမှတ်လိုက်ပါသည်။

ထိုတက်ကြွလှုပ်ရှားသူ ၆ ဦးအား ရာဇသတ်ကြီးပုဒ်မ ၁၄၇ ဆူပူမှုအရ ထောင်ဒဏ် ၁ နှစ်၊ ဝတ္တရားနှောင့်ယှက်မှု ပုဒ်မ ၃၅၃ အရ ထောင်ဒဏ် ၁ နှစ်၊ ပုဒ်မ ၅၀၅ (ခ) အရ ထောင်ဒဏ် ၂ နှစ်၊ ငြိမ်းချမ်းစွာစုဝေးခြင်းနှင့် ငြိမ်းချမ်းစွာဆန္ဒပြခြင်းဆိုင်ရာ ဥပဒေပုဒ်မ ၁၈ အရ ထောင်ဒဏ် ၄ လ စုစုပေါင်း ထောင်ဒဏ် ၄ နှစ်နှင့် ၄ လ ချမှတ်ခဲ့ကြောင်းလည်း သိရှိရပါသည်။
*၂၀၁၅ ခုနှစ်၊ မေလ ၁၅ ရက်၊ ဧရာဝတီ (အင်္ဂလိပ်)*

# ထောင်မှလွတ်မြောက်မှုများ

### သတင်းထောက် နစ်ဦး ထောင်မှ ပြန်လည်လွတ်မြောက်လာခြင်း

သတင်းထောက် နှစ်ဦးဖြစ်သူ ကိုသန်းထိုက်သူနှင့် ကိုဆန်းမိုးထွန်း တို့သည် ထောင်ဒဏ်များ ပြီးဆုံးသွားသည့်အတွက် မော်လမြိုင်အကျဉ်းထောင်မှ ၂၀၁၅ ခုနှစ်၊ မေလ ၁၅ ရက်နေ့တွင် ပြန်လည် လွတ်မြောက်ခဲ့ပါသည်။

*၂၀၁၅ ခုနှစ်၊ မေလ၊ အေအေပီပီ*

# ထောင်တွင်းအခြေအနေများ

**တရားရုံးချိန်းတွင် ကျောင်းသားများ ဆိုးဆိုးရွားရွား ပြုမူဆက်ဆံခံရ**

ဖမ်းဆီးခံကျောင်းသားများအား ၂၀၁၅ ခုနှစ်၊ မေလ ၂၆ ရက်နေ့တွင် ထပ်မံရုံးထုတ်ခဲ့ပါသည်။ ဖမ်းဆီးခံကျောင်းသားအားလုံးအား လက်ထိပ်နှစ်ဖက်စလုံး ခတ်ထားသည့်အတွက် အချို့ကျောင်းသားများသည် လုံချည်ကျွတ်ရာတွင် ပြန်မဝတ်နိုင်အောင် ဖြစ်ခဲ့ရပါသည်။ ဖမ်းဆီးခံကျောင်းသူ တစ်ဦးဖြစ်သူ မဟန်နီဦး၏ဖခင်မှ "ဖမ်းခံထားရတဲ့ ယောက်ကျားလေး ၆၂ ယောက်စလုံးကို လက်ထိပ်နှစ်ဖက်စလုံးခတ်ပြီး တော်တော်ဆိုးဆိုးရွားရွား လုပ်တယ်..........ကျောင်းသားတွေ တရားရုံးကို ရောက်တဲ့အချိန်အထိ ရဲတွေက လက်ထိပ်မဖြုတ်ပေးဘူး သူတို့လက်ထဲရောက်နေတော့ သူတို့လုပ်ချင်သလို လုပ်မယ်ဆိုတာမျိုး ဖြစ်နေတာပေါ့" ဟု ပြောကြားခဲ့ပါသည်။ အချို့ကျောင်းသားများသည် ဖမ်းဆီးခံရစဉ်အတွင်း အပြင်းအထန်ရိုက်နှက်ခံခဲ့ရသည့်အတွက် ခေါင်းကိုက်ခြင်းနှင့်၊ ခေါင်းမူးခြင်းဝေဒနာများကို ခံစားနေရကြောင်းလည်း သိရှိရပါသည်။

မဟန်နီဦး၏ ဖခင်မှ "ဖမ်းတုန်းက ခေါင်းတွေ အရိုက်ခံခဲ့ရတဲ့ ကိုမင်းသွေးသစ်နဲ့ အခြားကျောင်းသား တစ်ချို့ဟာ နာတာရှည်လိုဖြစ်ပြီး တစ်ခါတစ်ရံ ခေါင်းကိုက် ခေါင်းမူးတွေဝေဒနာတွေကို ပြန်ခံစားနေရတယ် ဘာလို့လဲဆိုတော့ ရဲတွေရဲ့လက်နက်တွေက အတွင်းဒဏ်ရာ ရစေတယ် လေ ဟန်နီဦးတို့ ဖြိုးဖြိုးအောင်တို့ကတော့ တစ်ကိုယ်လုံးမှာ allergic သဘောမျိုးနဲ့အနာတွေ ပေါက်နေတယ် အရေပြားနဲ့ပတ်သက်တဲ့ ရောဂါဝေဒနာတစ်ခု စွဲကပ်နေတာ တွေ့ရတယ် ဖြိုးဖြိုးအောင်ရဲ့ လက်မောင်းတွေမှာ အနီပျောက်တွေဖြစ်ပြီး အဖုတွေဖြစ်နေတယ် ဟန်နီဦးရဲ့ ညာဖက်လက်မောင်းတစ်ခုလုံးမှာလည်း အရေပြားကဖောင်းပြီး အနီကွက်ကြီးတွေ ဖြစ်နေတယ် ဒါပေမဲ့ သူတို့က လုံးဝတာဝန်ယူတာ မရှိဘူးဗျ" ဟု ပြောကြားသွားခဲ့ပါသည်။

*၂၀၁၅ ခုနှစ်၊ မေလ ၂၆ ရက်၊ ဗွီအိုအေ*

**အာမခံဖြင့် လွတ်မြောက်လာသော အသက်မပြည့်သည့် ကျောင်းသား အကျဉ်းထောင် အတွေ့အကြုံများ ပြောကြား**

လက်ပံတန်းမြို့တွင် ပြုလုပ်ခဲ့သည့် ကျောင်းသားများ ဆန္ဒပြပွဲတွင် ပါဝင်ခဲ့သောကြောင့် ၂ လကြာ ဖမ်းဆီးခံရပြီးနောက် အသက်မပြည့်သေးသည့် အထက်တန်းကျောင်းသား တစ်ဦးဖြစ်သူ မောင်အောင်မင်းခိုင်အား ပဲခူးတိုင်း၊ သာယာဝတီမြို့နယ်တရားရုံးမှ ၂၀၁၅ ခုနှစ်၊ မေလ ၁၂ ရက်နေ့တွင် အာမခံဖြင့် ပြန်လည်လွှတ်ပေးခဲ့ပါသည်။

"ကျနော်က ကျနော့်ကို မရိုက်ဖို့ ရဲတွေကို တောင်းပန်တယ် သူတို့နဲ့ အေးအေးဆေးဆေးပဲ လိုက်ခဲ့မယ်လို့ ပြောတယ် ဒါပေမဲ့ ရဲတွေက ကျနော်ရဲ့ ခေါင်းကိုပဲ အသေအကြေ ရိုက်တယ်၊ ကျနော့်တစ်ခေါင်းလုံး သွေးတွေနဲ့ဖြစ်နေပြီး အရမ်းကိုမူးလို့ ကိုယ့်ဖာသာကိုယ်တောင် မရပ်နိုင်တော့အောင် ဖြစ်ခဲ့ရတယ်" ဟု မောင်အောင်မင်းခိုင်မှ ပြောကြားခဲ့ကြောင်း သိရှိရပါသည်။

မောင်အောင်မင်းခိုင်မှ သောက်သုံးရေများ မသန့်ရှင်းခြင်းကြောင့် ယားနာများနှင့် အပူဖုများ ပေါက်ခဲ့ကြောင်းလည်း ထပ်မံပြောကြားလိုက်ပါသည်။ မေလ ၂၆ ရက်နေ့တွင် ပြည်မြို့မှ အသက်မပြည့်သည့် နောက်ထပ်ကျောင်းသား တစ်ဦးဖြစ်သော မောင်မျိုးသီဟအား ၂ လကျော်ကြာအောင် ဖမ်းဆီးထိန်းသိမ်းခဲ့ပြီးနောက် တရားသူကြီးမှ အာမခံဖြင့် လွှတ်ပေးလိုက်ပါသည်။ အကျဉ်းထောင် အတွင်းတွင် အသက်မပြည့်သေးသည့် ကျောင်းသားတစ်ဦး ဆက်လက် ထိန်းသိမ်းခံနေရပြီး အာမခံ ပေး/မပေးဆိုသည့် အာဏာပိုင်တို့၏ အဆုံးအဖြတ်အား စောင့်ဆိုင်းနေရကြောင်းနှင့် ၂၀၁၅ ခုနှစ်၊ ဇွန်လ ၂ ရက်နေ့တွင် တရားသူကြီးမှ အဝေးသင်ကျောင်းသား အယောက် ၂၀ တို့အား အာမခံ ပေး/မပေးဆိုသည်ကိုလည်း ဆုံးဖြတ်မည်ဖြစ်ကြောင်း သိရှိရပါသည်။

*၂၀၁၅ ခုနှစ်၊ မေလ ၁၂ ရက်၊ ဧရာဝတီ (အင်္ဂလိပ်)*
*၂၀၁၅ ခုနှစ်၊ မေလ ၂၆ ရက်၊ လွတ်လပ်တဲ့ အာရှအသံ*

# နိုင်ငံရေးနှင့် နိုင်ငံသားတို့၏ လွတ်လပ်ခွင့်အပေါ် တားမြစ်ခြင်းများနှင့် ဆန္ဒထုတ်ဖော်မှုများ

**နိုင်ငံရေးအကျဉ်းသားတစ်ဦး လွတ်လပ်ရေး ကြေညာစာတမ်း ဖတ်ပြသည့်အတွက် တရားစွဲဆိုခံရ**

လက်ပန်းတောင်း ကြေးနီးစီမံကိန်းအား ဆန္ဒပြမှုအတွင်း ဆန္ဒပြသူ ဒေါ်ခင်ဝင်း သတ်ခံခဲ့ရသည်ကို ဆန္ဒပြခဲ့သည့်အတွက် လက်ရှိအချိန်တွင် ထောင်ဒဏ် လေးနှစ်နှင့် လေးလ ကျခံနေရသည့် ကိုနေမျိုးဇင်အား ရန်ကုန်မြို့ မဟာဗန္ဓုလ ပန်းခြံတွင် ကလေးများအား လွတ်လပ်ရေး ကြေညာစာတမ်း ဖတ်ပြသည့်အတွက် ငြိမ်းချမ်းစွာစုဝေးခြင်းနှင့် ငြိမ်းချမ်းစွာ ဆန္ဒပြခြင်းဆိုင်ရာ ဥပဒေပုဒ်မ ၁၈ ဖြင့် ထပ်မံ တရားစွဲဆို လိုက်ပါသည်။ ကိုနေမျိုးဇင်အား ၂၀၁၅ ခုနှစ်၊ မေလ ၂၆ ရက်နေ့တွင် တရားရုံး ထုတ်ခဲ့ကြောင်းလည်း သိရှိရပါသည်။
*၂၀၁၅ ခုနှစ်၊ မေလ ၂၇ ရက်၊ လွတ်လပ်တဲ့ အာရှအသံ*

**သတင်းထောက်များ လွှတ်တော်အတွင်း ဝင်ရောက်ရန် တားမြစ်ခံရ**

၂၀၁၅ ခုနှစ်၊ မေလ ၂၆ ရက်နေ့တွင်၊ သတင်းထောက်များအား နောက်ထပ် မည်သည့်အချိန်တွင် ဝင်ရောက်ခွင့်ပြုမည်ဆိုသည်ကို ပြောဆိုခြင်းမရှိပဲ လွှတ်တော်ရှိ သတင်းမီဒီယာများ စောင့်ကြည့်ခန်းသို့ ဝင်ရောက်ခွင့်မပြုခဲ့ပါ။ မည်သည့်အတွက်ကြောင့် ထိုသို့ တားမြစ်ခဲ့သည် ဆိုသည်ကို ရှင်းရှင်းလင်းလင်း မသိရှိသော်လည်း လွှတ်တော် အစည်းအဝေးအတွင်း လွှတ်တော်ကိုယ်စားလှယ် နှစ်ဦးအိပ်ပျော်နေသည့် ဓါတ်ပုံအား အင်တာနက်တွင်တင်လိုက်သည်နှင့် စပ်ဆက်မည်ဖြစ်ကြောင်း သတင်းထောက် အတော်တော်များမှ ရည်ညွှန်းပြောဆိုနေကြပါသည်။ ဧပြီလလယ်တွင် လွှတ်တော်သို့ မတက်ရောက်နိုင်သည့် ကိုယ်စားလှယ် စားများ ကိုယ်စား စစ်သားကိုယ်စားလှယ်များမှ လွှတ်တော်အတွင်း မဲပေးနေသည့် ဓါတ်ပုံအား ဖေါ်ပြပြီးနောက် နှစ်လအတွင်းတွင် ယခု ကိုယ်စားလှယ်များ လွှတ်တော်အတွင်း အိပ်ပျော်နေသည့်ပုံသည် လွှတ်တော်အတွင်း ရိုက်ကူးသည့် ဒုတိယအကြိမ် အရှက်ရစရာ ကောင်းသည့် ပုံတစ်ပုံ ဖြစ်နေပါသည်။ ထိုကဲ့သို့ လွှတ်တော်အတွင်း ဝင်ရောက်ရန် တားမြစ်သည့် အချိန်မှ အစပြုပြီး အစိုးရဝန်ထမ်း ဗီဒီယို ရိုက်ကူးသူများ မှတ်တမ်းတင် ရိုက်ကူးထားသည့် တိုက်ရိုက် သတင်းထုတ်လွှင့်ချက်များကိုသာ သတင်းထောက်များမှ ကြည့်ရှုနိုင်တော့ ကြောင်းလည်း သိရှိရပါသည်။
*၂၀၁၅ ခုနှစ်၊ မေလ ၂၇ ရက်၊ ဧရာဝတီ (အင်္ဂလိပ်)*

**မျိုးဆက်သစ် လူငယ်များအစည်းအရုံးမှ အဖွဲ့ဝင် ကိုမိုးသွေး ပုဒ်မ ၁၈ ဖြင့် တရားစွဲဆိုခံရ**

၂၀၁၅ ခုနှစ်၊ မေလ ၁၇ ရက်နေ့တွင်၊ မျိုးဆက်သစ်လူငယ်များ အစည်းအရုံးမှ အဖွဲ့ဝင် ကိုမိုးသွေးအား ငြိမ်းချမ်းစွာ စုဝေးခြင်းနှင့် ငြိမ်းချမ်းစွာ ဆန္ဒပြခြင်းဆိုင်ရာ ဥပဒေပုဒ်မ ၁၈ ဖြင့် တရားစွဲဆို ထားကြောင်း ကျောက်တံတားမြို့နယ် ရဲစခန်းမှ အကြောင်းကြားခဲ့ ပါသည်။ ၂၀၁၄ ခုနှစ်၊ အောက်တိုဘာလတွင်၊ အလွတ်သတင်းထောက် ကိုပါကြီး သေဆုံးမှုအား စုံစမ်းစစ်ဆေးမှု ပြုလုပ်ရန်အတွက် ၈၈ မျိုးဆက်ငြိမ်းချမ်းရေးနှင့် ပွင့်လင်းလူ့အဖွဲ့အစည်း အပါအဝင် လူထုအခြေပြု အဖွဲ့အစည်း ၄၀ ကျော်တို့မှ ရန်ကုန်မြို့ မြို့တော်ခန်းမရှေ့တွင် တောင်းဆိုဆန္ဒပြခဲ့ကြပါသည်။ ၂၀၁၅ ခုနှစ်၊ မေလ ၂ ရက်နေ့တွင်၊ ကျောင်းသားများ ဆန္ဒပြပွဲအား ဖြိုခွင်းမှုလုပ်ရပ်များ ရပ်တန့်ရန် ကိုမိုးသွေးမှ တောင်းဆိုခဲ့ကြောင်းနှင့် တရားစွဲဆိုမှုသည် ထိုဆန္ဒပြပွဲများနှင့် ဆက်စပ်ကြောင်း သိရှိရပါသည်။
*၂၀၁၅ ခုနှစ်၊ မေလ ၁၈ ရက်၊ လွတ်လပ်တဲ့ အာရှအသံ*

**သတင်းထောက် တစ်ဦး ငြိမ်းချမ်းစွာ စုဝေးခြင်းနှင့် ငြိမ်းချမ်းစွာ ဆန္ဒပြခြင်းဆိုင်ရာ ဥပဒေပုဒ်မဖြင့် တရားစွဲဆိုခံရ**

မြန်မာသံတော်ဆင့် ဂျာနယ်၏ အကြီးတန်းသတင်းထောက်၊ မြန်မာသတင်းထောက်များ ကွန်ရက် (MJN) ၏ ဦးဆောင်ကော်မတီ အဖွဲ့ဝင်နှင့် မြန်မာသတင်းထောက် အသင်းကြီး၏ ဒါရိုက်တာ တစ်ဦးဖြစ်သူ မရွှေမှုံအား လွတ်လပ်စွာ ဆန္ဒထုတ်ဖေါ်ခွင့်ကို ခွင့်ပြုချက်မရပဲ တောင်းဆို ဆန္ဒပြခဲ့သည့်အတွက် ငြိမ်းချမ်းစွာ စုဝေးခြင်းနှင့် ငြိမ်းချမ်းစွာဆန္ဒပြခြင်းဆိုင်ရာ ဥပဒေပုဒ်မ ဖြင့် တရားစွဲဆိုထားပါသည်။ ထိုဆန္ဒပြ တောင်းဆိုခဲ့ခြင်းသည် ရန်ကုန်မြို့တွင် လွန်ခဲ့သည့် ၆ လ ၂၀၁၄ ခုနှစ်၊ နိုဝင်ဘာလ ၂ ရက်နေ့၌ ကျင်းပခဲ့ခြင်းဖြစ်ပြီး၊ မရွှေမှုံအား ၂၀၁၅ ခုနှစ်၊ မေလ ၁၆ ရက်နေ့တွင် ကျောက်တံတားမြို့နယ် ရဲစခန်းမှ ခေါ်ယူစစ်ဆေးခဲ့ကြောင်း သိရှိရပါသည်။
*၂၀၁၅ ခုနှစ်၊ မေလ ၁၅ ရက်၊ မြန်မာတိုင်းမ် (အင်္ဂလိပ်)*
*၂၀၁၅ ခုနှစ်၊ မေလ ၁၆ ရက်၊ လွတ်လပ်တဲ့ အာရှအသံ*

**ဆုတောင်းပွဲ ပြုလုပ်သောကြောင့် နိုင်ငံရေး လှုပ်ရှားသူ ၃ ဦး တရားစွဲခံရ**

အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်မှ အဖွဲ့ဝင် ဒေါ်ခင်မေစီ၊ လူမှုအထောက်အကူပြု ကွန်ရက်မှ ဒေါ်မြင့်မြင့်အေးနှင့် ၈၈ မျိုးဆက် ငြိမ်းချမ်းရေးနှင့် ပွင့်လင်းလူ့အဖွဲ့ အစည်းမှ ဒေါ်မေသက်ဦးတို့သည် ခွင့်ပြုချက်မရရှိပဲ ဆန္ဒပြခဲ့သောကြောင့် ဖွဲ့စည်းပုံဥပဒေ အခန်း ၃၅၄ အရ ငြိမ်းချမ်းစွာ စုဝေးခြင်းနှင့် ငြိမ်းချမ်းစွာ ဆန္ဒပြခြင်းဆိုင်ရာ အခွင့်အရေး ဥပဒေပုဒ်မဖြင့် ၂၀၁၅ ခုနှစ်၊ မေလ ၄ ရက်နေ့တွင် တရားစွဲဆိုခြင်း ခံခဲ့ရပါသည်။ မတ်လ ၄ ရက်နေ့တွင် ပညာရေးဥပဒေနှင့်စပ်လျဉ်းသည့် တက်ကြွလှုပ်ရှားသူများအား အကြမ်းဖက်မှု မပြုရန် တောင်းဆိုဆန္ဒပြခဲ့ကြခြင်းဖြစ်ပြီး ထိုသုံးဦးအား တစ်ဦးလျှင် သိန်းနှစ် ဆယ်ကျပ်စီ အာမခံဖြင့် ပြန်လည် လွှတ်ထားကြောင်းလည်း သိရှိရပါ သည်။
*၂၀၁၅ ခုနှစ်၊ မေလ ၆ ရက်၊ ဒီဗွီဘီ (အင်္ဂလိပ်)*

**သေဆုံးသတင်းထောက်၏ ဇနီးသည်အား တရားရုံး ကြားနာမှုများအကြောင်း အသိပေးရန် ပျက်ကွက်**

စစ်တပ်မှ ဖမ်းဆီးထားစဉ်အတွင်း သေဆုံးခဲ့ရသည့် အလွတ်သတင်းထောက် ကိုပါကြီး သေဆုံးမှုအား ကျိုက်မရောမြို့နယ်တရားရုံးမှ စစ်ဆေးကြားနာခဲ့ပြီး၊ တရားရုံးကြားနာမှုအား ဧပြီလ ၃၀ ရက်နေ့တွင် ဆက်လက်ပြုလုပ်ခဲ့သော်လည်း သေဆုံးသူ ကိုပါကြီး၏ ဇနီး မသန္တာမှ ၎င်းအားအကြောင်းကြားခဲ့ခြင်း မရှိကြောင်းနှင့် ဧပြီလ ၁၀ ရက်နေ့နှင့် ၂၃ ရက်နေ့တို့တွင် ပြုလုပ်သည့် ယခင်တရားရုံးကြားနာမှုများကိုပါ သူမအနေဖြင့် မသိရှိခဲ့ရကြောင်း ပြောကြား လိုက်ပါသည်။ မသန္တာမှ တရားရုံးဆင့်ခေါ်စာနှင့်အခြားတရားရုံးနှင့် ပတ်သက် သည့် မိတ္တူများကို တောင်းဆိုခဲ့သော်လည်း တရားသူကြီးမှ ပေးရန် ငြင်းဆန်လိုက်ပြီး သူမသည် ထိုတရားရုံးကြားနာမှုအားလည်း တက်ရောက်ခွင့် မရရှိခဲ့ပါ။ အမှုမှ သက်သေများသည် ကိုပါကြီးအား လုံးဝ မသိရှိသည့် အမှန်တကယ် သက်သေများ မဟုတ်သောကြောင့် မသန္တာမှ အမှု၏

အဆုံးအဖြတ် မျှတမှု မရှိမည်ကို စိုးရိမ်လျက်ရှိနေပါသည်။

[၂၀၁၅ ခုနှစ်၊ ဧပြီလ ၃၀ ရက်၊ ဧရာဝတီ (အင်္ဂလိပ်)]
[၂၀၁၅ ခုနှစ်၊ ဧပြီလ ၃၀ ရက်၊ မြန်မာတိုင်းမ် (အင်္ဂလိပ်)]
[၂၀၁၅ ခုနှစ်၊ မေလ ၁ ရက်၊ ဒီဗွီဘီ (အင်္ဂလိပ်)]

# မြေယာသိမ်းဆည်းမှုများ

## ဆန္ဒပြခေါင်းဆောင်များ တရားစွဲဆိုခံရ

စစ်ကိုင်းတိုင်း၊ ဆားလင်းကြီးမြို့နယ်ရှိ စံပါယ်တောင်နှင့် ကြေးစင်တောင် ကော့ပါးမိုင်းစီမံကိန်းအား ဆန့်ကျင်ဆန္ဒပြခဲ့ကြသည့် ဆန္ဒပြခေါင်းဆောင် ၃ ဦးအား ဦးပိုင်ကုမ္ပဏီမှ ၂၀၁၅ ခုနှစ်၊ မေလ ၂၇ ရက်နေ့တွင် အမှုဖွင့်လိုက်ပြီး၊ ထိုခေါင်းဆောင် ၃ ဦးတို့အား ပိုင်နက်ကျူးလွန်မှု အပါအဝင် ပုဒ်မ ၃ ခုဖြင့် တရားစွဲဆိုခဲ့ပါသည်။ တရားစွဲဆိုခံရသူ ၃ ဦးထဲမှ တစ်ဦးဖြစ်သူ ကိုတင်အောင်စိုးမှ ဆန္ဒပြရန်အတွက် ၇ ရက်ကြိုတင် စာတင်ခဲ့ကြောင်း ရှင်းပြခဲ့ပြီး မေလ ၂၅ ရက်နေ့တွင် ဆန္ဒပြသူ ၅၀ ဦးခန့်မှ ဦးပိုင်ကုမ္ပဏီအရှေ့တွင် ဆန္ဒပြခဲ့ခြင်းဖြစ်ကြောင်း သိရှိရပါသည်။
*၂၀၁၅ ခုနှစ်၊ မေလ ၂၇ ရက်၊ လွတ်လပ်တဲ့ အာရှအသံ*

## မြေယာသိမ်းအရေးနှင့် စပ်လျဉ်းပြီး လယ်သမားများနှင့် ကူညီသူ ၉ ဦး ထောင်ဒဏ် ချမှတ်ခံရ

မန္တလေးတိုင်း၊ မိတ္ထီလာခရိုင်၊ ဝမ်းတွင်းမြို့နယ်ရှိ၊ ကံသာကျေးရွာမှ လယ်သမား ၆ ဦးနှင့်၊ မိတ္ထီလာမြို့နယ် ပြည်သူ့ အကျိုးဆောင်ကွန်ရက် အဖွဲ့ဝင် လယ်သမားများအား ကူညီသူ ၃ ဦး စုစုပေါင်း ၉ ဦးတို့အား၊ ဝမ်းတွင်းမြို့နယ်တရားရုံးမှ ၂၀၁၅ ခုနှစ်၊ မေလ ၂၆ ရက်နေ့တွင် ထောင်ဒဏ်များ ချမှတ်လိုက်ပြီး မိတ္ထီလာအကျဉ်းထောင်သို့ ပို့ဆောင်လိုက်ပါသည်။ လယ်သမား ၆ ဦးတို့အား အကျိုးစီးပွါးပျက်စီးစေမှု၊ ပိုင်နက်ကျူးလွန်မှုတို့ဖြင့် ထောင်ဒဏ် ၅ လနှင့် အလုပ်ကြမ်း ချမှတ်လိုက်ပြီး၊ ကူညီသူ ၃ ဦးအား ပိုင်နက်ကျူးလွန်မှု ပုဒ်မ ၄၄၇ ဖြင့် ထောင်ဒဏ် ၂ လ ချမှတ်လိုက်ပါသည်။

၁၉၉၅ ခုနှစ်တွင်၊ ကျေးရွာဥက္ကဋ္ဌနှင့် မိတ္ထီလာမြို့နယ် လေတပ်စခန်း မှူးဟောင်း၊ လက်ရှိ ပို့ဆောင်ရေးဝန်ကြီး ဦးညဏ်ထွန်းအောင်တို့မှ လယ်သမား ၁၀ ဦးပိုင် လယ်မြေ ၂၅ ဧက အား၊ လျော်ကြေးမပေးပဲ သိမ်းဆည်းခဲ့ခြင်းဖြစ်ပြီး၊ ထိုသိမ်းဆည်းသည့်မြေအား အသုံးမပြုသည့် အတွက် လယ်သမားများမှ ပြန်လည်ထွန်ယက်စိုက်ပျိုးခဲ့ခြင်းကြောင့် ထိုကဲ့သို့ ထောင်ဒဏ်များ ချမှတ်ခံခဲ့ရခြင်းဖြစ်သည်။
*၂၀၁၅ ခုနှစ်၊ မေလ ၂၆ ရက်၊ လွတ်လပ်တဲ့ အာရှအသံ*

## ကိုယ့်ကိုယ်ကို မီးရှို့ဆန္ဒပြပြီးနောက် လယ်သမား သေဆုံး

လွန်ခဲ့သည့် နှစ်နှစ်ဆယ်က လယ်သမားများထံမှ သိမ်းဆည်းခဲ့သည့် မြေများတွင် စစ်တန်းလျားများ ဆောက်မည်ဟု လယ်သမားများအား ပြောပြီးနောက် ရှမ်းပြည်နယ်၊ တောင်ကြီးမြို့၊ ရေပူရွာရှိ လယ်သမား တစ်ဦးဖြစ်သူ ဦးမြင့်အောင်သည် ၂၀၁၅ ခုနှစ်၊ မေလ ၂၁ ရက်နေ့တွင် ကိုယ့်ကိုယ်မီးရှို့ ဆန္ဒပြခဲ့ပါသည်။ ၁၉၉၄ ခုနှစ်တွင် လယ်မြေဧက ၅၀၀၀ ကျော်အား သိမ်းဆည်းခဲ့ပြီး၊ ၂၀၁၄ ခုနှစ်အထိ လယ်သမားများအား စိုက်ပျိုးခွင့်ပြုခဲ့ပါသည်။

ဦးမြင့်အောင်၏တူမ ပြောကြားချက်အရ ဦးမြင့်အောင်သည် ကိုယ့်ကိုယ်ကို မီးမရှို့ခင် သိမ်းဆည်းထားသည့် မြေများအား ပြန်ပေးရန် တောင်းဆိုသည့် စာရေးခဲ့ကြောင်း သိရှိရပါသည်။ ဦးမြင့်အောင်သည် တောင်ကြီးဆေးရုံတွင် ဆေးကုသမှု ခံယူနေစဉ် မီးလောင်ဒဏ်ရာ များကြောင့် သေဆုံးခဲ့ပါသည်။
*၂၀၁၅ ခုနှစ်၊ မေလ ၂၁ ရက်၊ လွတ်လပ်တဲ့ အာရှအသံ*
*၂၀၁၅ ခုနှစ်၊ မေလ ၂၂ ရက်၊ ဒီဗွီဘီ (အင်္ဂလိပ်)*

## မြေယာသိမ်းဆည်းမှုနှင့် စပ်လျဉ်းပြီး ကြံ့ခိုင်ဖွံ့ဖြိုးရေးပါတီ (USDP) မှ အဖွဲ့ဝင်အမြောက်အများ နုတ်ထွက်

ဒေသခံ လွှတ်တော်ကိုယ်စားလှယ်မှ သိမ်းဆည်းခံမြေယာများအား ပြန်လည်ရရှိရန် ကူညီပေးမည်ဟု ကတိကဝတ် ပြုထားသည်ကို ချိုးဖေါက်ခဲ့သည့်အတွက်၊ ပဲခူးဒေသ၊ နတ္တလင်းမြို့နယ်မှ ကြံ့ခိုင်ရေးနှင့် ဖွံ့ရေးပါတီ (USDP) မှ ပါတီဝင် လယ်သမား ၁၅၀ ခန့် ပါတီမှ နုတ်ထွက်ခဲ့ကြောင်း သိရှိရပါသည်။ ၁၉၉၂ ခုနှစ်တွင် နတ္တလင်းဒေသမှ ဓါးမန်ကြီး၊ ဇီးတော်ကုန်း၊ ဖလန်းပင်နှင့် စမ်းချောင်းရွာများမှ ဒေသခံများအား အသုံးမပြုသည့် မြေယာတော်တော်များများအား စိုက်ပျိုးရန်အတွက် ညွှန်ကြားခဲ့ပြီး၊ မြေဧက ၁၀၀၀ ခန့်အား စိုက်ပျိုးနိုင်ကြောင်း ကတိပြုပြောကြားခဲ့ပါသည်။ စိုက်ပျိုးပြီးသောအခါ လယ်သမားများမှ မြေဧက ၅၅၀ ကိုသာ ရရှိခဲ့ပြီး၊ ကျန်မြေဧကများအား အစိုးရ ခရိုင်အုပ်ချုပ်ရေးမှူးနှင့် တပ်မတော် ခြေမြန်တပ်ရင်း ခမရ-၄ တို့မှ သိမ်းဆည်းခဲ့ကြောင်း သိရှိရပါသည်။ USDP ပါတီ အကြီးအကဲများမှ နုတ်ထွက်မှုအား လက်သင့်ခံခဲ့ကြောင်းလည်း သိရှိရပါသည်။
*၂၀၁၅ ခုနှစ်၊ မေလ ၂၂ ရက်၊ မြန်မာတိုင်းမ် (အင်္ဂလိပ်)*
*၂၀၁၅ ခုနှစ်၊ မေလ ၂၁ ရက်၊ ဒီဗွီဘီ (အင်္ဂလိပ်)*

## ရတနာပုံတက္ကသိုလ် အရှေ့ဖက်မှ မြေ ၂ ဧကအား သိမ်းဆည်းခြင်း

မန္တလေးတိုင်း၊ ရတနာပုံတက္ကသိုလ် အရှေ့ရှိ မြေ ၂ ဧကအား ရဲများနှင့် စည်ပင်သာယာဝန်ထမ်းများမှ ၂၀၁၅ ခုနှစ်၊ မေလ ၁၂ ရက်နေ့တွင် ခြံခတ်ခဲ့သည့်အတွက် ဆန္ဒပြမှုနှင့် ရုန်းရင်းဆန်ခတ်မှု ဖြစ်ပွါးခဲ့ပါသည်။ မြေပိုင်ရှင် အမျိုးသမီး ၅ ဦး ဖမ်းဆီးခြင်းခံခဲ့ရပြီး၊ အမရပူရမြို့နယ် ရဲစခန်းတွင် ထိန်းသိမ်းခြင်း ခံခဲ့ရပါသည်။ ထိုအမျိုးသမီး ၅ ဦးအား ဝတ္တရားနှောက်ယှက်မှု ပုဒ်မ ၃၃၃ နှင့် တရားစွဲဆိုထားကြောင်းလည်း သိရှိရပါသည်။

မြေပိုင်ရှင် တစ်ဦးဖြစ်သူ ဒေါ်မြကွန့်၏ ပြောကြားချက်အရ တက္ကသိုလ် တွင် ယဉ်ရပ်နားရန် နေရာ ဆောက်လုပ်မည် ဖြစ်သောကြောင့် သိမ်းခဲ့ခြင်းဖြစ်ကြောင်း၊ မြေအား မသိမ်းဆည်းခင်တွင် ပါမောက္ခချုပ် ခင်မောင်ဦးထံမှ ၂၀၁၅ ခုနှစ်၊ မေလ ၁၁ ရက်နေ့ နောက်ဆုံးထားပြီး ပြောင်းရွှေ့ရန် ညွှန်ကြားထားသည့် စာအား မြေပိုင်ရှင်များမှ လက်ခံရရှိကြောင်းနှင့် မြေသိမ်းဆည်းခံရသူ မိသားစုဝင်တစ်ဦးဖြစ်သော ဒေါ်မြကွန့်မှ "ရဲတွေက ကျမတို့ကို တရိစ္ဆာန် တွေလိုပဲ ကားဆီကို ဆွဲခေါ်သွားတယ်" "သူတို့က ကျမသမီး ကိုယ်ဝန် လေးလနဲ့ မိန်းခလေးကိုလည်း ဆွဲခေါ်သွားတာ အခု ကျမသမီးလေးက ကိုက်ခဲနာ ကျင်နေတယ် ဒါကဖိနှိပ်တာ အာဏာရှင်လုပ်ရပ်ပဲ သူတို့ ကျမတို့ကို အမရပူရဲစခန်းကို ခေါ်မသွားဘူး

ဒါပေမဲ့ မြစ်ငယ်ဆိပ် ရဲစခန်းကို ခေါ်သွားပြီး ကျမတို့ကို ဘယ်သူနဲ့မှလည်း ပေးမတွေ့ပဲ သံကြိုးတွေနဲ့ ချည်ထားတယ် ကျမတို့က ဘာအမှား လုပ်လို့လဲ ကျမတို့က ဘာရာဇဝတ်မှုကိုမှ ကျူးလွန်တာ မဟုတ်ဘူး ကျမတို့မြေကို ကျမတို ပြန်လိုချင်တာပဲ” ဟု ပြောကြားသွားခဲ့ပါသည်။ ၂၀၁၅ ခုနှစ်၊ မေလ ၁၅ ရက်နေ့တွင် ရတနာပုံ တက္ကသိုလ်အရှေ့၌ မြေသိမ်းခံ မိသားစုဝင်များမှ မြေသိမ်းဆည်းမှုအား ဆန့်ကျင်သည့် အနေဖြင့် ဆန္ဒပြခဲ့ကြောင်း သိရှိရပါသည်။

*၂၀၁၅ ခုနှစ်၊ မေလ ၁၂ ရက်၊ လွတ်လပ်တဲ့ အာရှအသံ*

*၂၀၁၅ ခုနှစ်၊ မေလ ၂၀ ရက်၊ မြန်မာတိုင်းမ် (အင်္ဂလိပ်)*

# အရေးပါသော နိုင်ငံတကာဆိုင်ရာ တိုးတက်မှုများ

**မြန်မာနိုင်ငံအပေါ် အမေရိကန်နိုင်ငံမှ ပိတ်ဆို့အရေးယူမှု ဆက်လက်ကျင့်သုံး**

အမေရိကန်နိုင်ငံမှ မြန်မာနိုင်ငံအပေါ် ပိတ်ဆို့အရေးယူမှုအား ဆက်လက်ကျင့်သုံးနေကြောင်း ၂၀၁၅ ခုနှစ်၊ မေလ ၁၅ ရက်နေ့တွင် ပြောကြားလိုက်ပါသည်။ ဆက်လက်ဖြစ်ပျက်နေသည့် လူ့အခွင့်အရေး ချိုးဖေါက်မှုများ၊ တိုက်ပွဲများ၊ အထူးသဖြင့် တိုင်းရင်းသား လူနည်းစုနယ်မြေများနှင့် ရခိုင်ပြည်နယ်တို့တွင် ဖြစ်ပေါ်နေသည့် ပဋိပက္ခများနှင့်ပတ်သက်ပြီး သမ္မတ အိုဘားမားမှ ရှုံ့ချလိုက်ကာ၊ "အရပ်သားအစိုးရရဲ့ ဦးဆောင်မှု နည်းနည်းနဲ့ စစ်တပ်မှ လုပ်ငန်းများ ဖေါ်ဆောင်နေကြောင်း စစ်တပ်မှ ပြစ်မှု ကျူးလွန်ပြီး ပြစ်ဒဏ်မခံရသည့် လုပ်ဆောင်ချက်များကိုလည်း မကြာခဏ လုပ်ဆောင်နေကြောင်း" သမ္မတမှ ဝေဖန်ပြောကြားလိုက်ပါသည်။ အမေရိကန်နိုင်ငံမှ ၂၀၁၂ ခုနှစ်တွင် မြန်မာနိုင်ငံအပေါ် စီးပွါးရေး အရေးယူပိတ်ဆို့မှုအား ဖြေလျှော့ပေးလိုက်ပြီး၊ အမေရိကန်ကုမ္ပဏီကြီးများအား မြန်မာနိုင်ငံတွင် ရေနံနှင့် သဘာဓါတ်ငွေ့ ကဏ္ဍတွင် ရင်းနှီးမြှုပ်နှံခွင့် ပြုခဲ့သော်လည်း၊ ကုမ္ပဏီများအား မြန်မာနိုင်ငံရှိ အချို့လူပုဂ္ဂိုလ်၊ ကုမ္ပဏီတို့နှင့် စီးပွါးရေး ပူးပေါင်းလုပ်ဆောင်ရန်ကိုမူ ဆက်လက် တားမြစ်ထားဆဲဖြစ်ပါသည်။

*၂၀၁၅ ခုနှစ်၊ မေလ ၁၇ ရက်၊ ဒီဗွီဘီ (အင်္ဂလိပ်)*
*၂၀၁၅ ခုနှစ်၊ မေလ ၁၈ ရက်၊ မဇ္ဈိမ (အင်္ဂလိပ်)*

**ကမ္ဘာ့ကုလသမဂ္ဂမှ ရွေးကောက်ပွဲ ကာလအတွင်း သတင်းမီဒီယာလွတ်လပ်ခွင့် ရရှိရန် တိုက်တွန်းလိုက်ခြင်း**

နယ်စည်းမခြား သတင်းထောက်များအဖွဲ့မှ ဖေဖေါ်ဝါရီလတွင် ထုတ်ပြန်ခဲ့သည့် ၎င်း၏နှစ်စဉ်စာရင်းတွင် သတင်းလွတ်လပ်ခွင့်၌ မြန်မာနိုင်ငံသည် နိုင်ငံပေါင်း ၁၈၀ တွင် အမှတ်စဉ် ၁၄၄ အဖြစ် ထုတ်ပြန်ခဲ့ပြီးနောက်၊ ကမ္ဘာ့ကုလသမဂ္ဂကြီးမှ ယခုနှစ် အထွေထွေရွေးကောက်ပွဲကြီးအတွင်း သတင်းထောက်များအနေဖြင့် "ကြောက်ရွံ့ ထိပ်လန့်မှု မရှိပဲ" သတင်းထုတ်ပြန်နိုင်ရန် မြန်မာနိုင်ငံအား တိုက်တွန်းလိုက်ပါသည်။ ထိုတောင်းဆိုမှုအား ကမ္ဘာ့ကုလသမဂ္ဂ ယဉ်ကျေးမှုဌာန (UNESCO)၊ မြန်မာနိုင်ငံ ရုံးခွဲ၏ အကြီးအကဲ Sardar Umar Alam နှင့် အတိုက်အခံခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်တို့မှ တောင်းဆိုခဲ့ခြင်းဖြစ်ကြောင်း သိရှိရပါသည်။

*၂၀၁၅ ခုနှစ်၊ မေလ ၅ ရက်၊ မဇ္ဈိမ (အင်္ဂလိပ်)*

**အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့ကြီးမှ ဖမ်းဆီးခံ သတင်းထောက်များ လွတ်မြောက်ရန် တောင်းဆို**

၎င်းတို့၏ အခွင့်အရေးများဖြစ်သည့် လွတ်လပ်စွာ ဆန္ဒထုတ်ဖေါ်ခွင့်နှင့် အခြားလူ့အခွင့်အရေးများကို ငြိမ်းချမ်းစွာ တောင်းဆို ဆန္ဒပြခဲ့သည့်အတွက် မြန်မာနိုင်ငံအတွင်း လက်ရှိအချိန်တွင် ဖမ်းဆီးထိန်းသိမ်းခံနေရသည့် သတင်းထောက်များအား ချက်ခြင်းနှင့် ချွင်းချက်မရှိ လွတ်ပေးရန်အတွက် အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့ကြီးမှ အပြည်ပြည်ဆိုင်ရာ သတင်းလွတ်လပ်ခွင့်နေ့ ၂၀၁၅ ခုနှစ်၊ မေလ ၃ ရက်နေ့တွင် တောင်းဆိုလိုက်ပါသည်။ ထိုတောင်းဆိုသည့် ထုတ်ပြန်ချက်မှ ၂၀၁၄ ခုနှစ်၊ ဇူလိုင်လတွင် နိုင်ငံတော်လျှို့ဝှက်အက်ဥပဒေဖြင့် ထောင်ဒဏ် ၁၀ နှစ်စီနှင့် အလုပ်ကြမ်း ချမှတ်ခံရပြီး၊ အယူခံဝင်ပြီးနောက် ထောင်ဒဏ် ၇ နှစ်သို့ လျှော့ချလိုက်သည့် ယူနတီ သတင်းဂျာနယ်မှ သတင်းထောက် ၅ ဦးတို့၏ အမှုအား ရည်ညွှန်းပြောဆိုထားပြီး၊ ထောင်ဒဏ် ၂ နှစ် ကျခံနေရသည့် ဘိုင်မွန်းတည့်နေ ဂျာနယ်မှ သတင်းထောက်နှင့် ဝန်ထမ်း ၅ ဦးတို့၏အမှုအား ထည့်သွင်းပြောကြားသလို၊ အသရေဖျက်မှုကြောင့် ထောင်ဒဏ် ၂ လစီ ချမှတ်ခံခဲ့ရသည့် မြန်မာပို့စ်အပတ်စဉ်ဂျာနယ်မှ သတင်းထောက် ၂ ဦးတို့အကြောင်းအားလည်း ပြောကြားထားပါသည်။

*၂၀၁၅ ခုနှစ်၊ မေလ ၄ ရက်၊ မဇ္ဈိမ (အင်္ဂလိပ်)*

**ကမ္ဘာ့သတင်းလွတ်လပ်ခွင့်နေ့ အခမ်းအနားသို့ ဒေါ်အောင်ဆန်းစုကြည်နှင့် သတင်းနှင့်ပြန်ကြားရေး ဝန်ကြီး တက်ရောက်**

၂၀၁၅ ခုနှစ်၊ မေလ ၃ ရက်နေ့တွင် ရန်ကုန်မြို့၌ ကျင်းပခဲ့သည့် ကမ္ဘာ့သတင်းလွတ်လပ်ခွင့် အခမ်းအနားတွင် လာမည့် ရွေးကောက်ပွဲ လွတ်လပ်မျှတရန်အတွက် သတင်းမီဒီယာများမှ စောင့်ကြည့်ရန် လိုအပ်ကြောင်း ဒေါ်အောင်ဆန်းစုကြည်မှ တောင်းဆိုလိုက်ပါသည်။ သတင်းမီဒီယာများအနေဖြင့် အာဏာပိုင်များအား စောင့်ကြည့် အကဲခတ်နိုင်ခြင်းကြောင့် သတင်းမီဒီယာ လွတ်လပ်ခွင့်၏ အရေးပါမှုအား အလေးထား ပြောကြားသလို၊ အစိုးရမှ မီဒီယာဥပဒေနှင့်စပ်လျဉ်းပြီး နိုင်ငံတကာ စံများနှင့် အညီ လုပ်ဆောင်ရန် အရေးကြီးကြောင်းကိုလည်း ဒေါ်အောင်ဆန်းစုကြည်မှ ထပ်မံပြောကြားလိုက်ပါသည်။

ထိုကဲ့သို့စွပ်စွဲပြောဆိုမှုအား တုန့်ပြန်သည့်အနေဖြင့် သတင်းနှင့်ပြန်ကြားရေး ဝန်ကြီး ဦးရဲထွဋ်မှ မြန်မာနိုင်ငံတွင် သတင်းမီဒီယာ လွတ်လပ်ခွင့် နောက်ကြောင်းပြန်နေသည် ဆိုခြင်းကို ငြင်းဆန်လိုက်ပြီး၊ သတင်းလွတ်လပ်မှုနှင့်စပ်လျဉ်းပြီး ထုတ်ပြန်သည့် များစွာသော အစီရင်ခံစာ ညွှန်းကိန်းများကို ရည်ညွှန်းပြောဆိုကာ၊ "ထိုထုတ်ပြန်ချက်များသည် သတင်းလွတ်လပ်မှု အဆင့်အပေါ်တွင်သာ အခြေခံပြီး သတင်း၏အရည်အသွေးနှင့် အယ်ဒီတာ မည်မျှလွတ်လပ်မှု ရှိသည်ဆိုသည်ကို အခြေမခံခြင်းကြောင့် ၎င်းအနေဖြင့် လုံးဝထည့်သွင်းမစဉ်းစားကြောင်း" ပြောကြားလိုက်ပါသည်။

*၂၀၁၅ ခုနှစ်၊ မေလ ၄ ရက်၊ ဧရာဝတီ (အင်္ဂလိပ်)*

# နိဂုံးချုပ်နှင့်သုံးသပ်ချက်

အလွတ်သတင်းထောက် ကိုပါကြီးသေဆုံးမှုတွင် ကျူးလွန်သူစစ်သား ၂ ဦးအား စစ်ခုံရုံးမှ အပြစ်မရှိဟုဆုံးဖြတ်ပြီး ယခုလတွင် လွတ်ပေးလိုက်ခြင်းသည် မြန်မာနိုင်ငံတွင် တရားမျှတမှု ကင်းမဲ့နေကြောင်း ပြသလိုက်ခြင်းပင်ဖြစ်သည်။ ထိုအမှုစတင်သည့် အချိန်မှစ၍ မြန်မာနိုင်ငံတွင် တရားစီရင်ရေးစနစ် ပျက်ဆီးယိုယွင်းနေကြောင်း မီးမောင်းထိုးပြလိုက်သလို၊ မြန်မာနိုင်ငံတွင် ပြည်သူလူထုများ ဆက်လက် ဖိနှိပ်ခံနေရဆဲဖြစ်သည်ကို ထိုအမှုက သိသာထင်ရှားစေခဲ့သည်။ မြန်မာစစ်တပ်နှင့် ဒီမိုကရေစီအကျိုးပြု ကရင့်အမျိုးသားတပ်မတော် (DKBA) တို့ တိုက်ပွဲဖြစ်ပွါးနေသည်ကို မှတ်တမ်းတင်ဓါတ်ပုံရိုက်ကူးပြီးနောက် ၂၀၁၄ ခုနှစ်၊ စက်တင်ဘာလတွင် ကိုပါကြီးသည် တပ်မတော်ခြေမြန်တပ်ရင်း ခမရ-၂၀၄ ၏ ဖမ်းဆီးခြင်းကိုခံလိုက်ရပြီး၊ စစ်တပ်အကျဉ်းစခန်းတွင် ဖမ်းဆီးထားစဉ် ထွက်ပြေးရန်ကြိုးစားသည်ဟု စွပ်စွဲချက်ဖြင့် ကိုပါကြီးအား သေနတ်ဖြင့်ပစ်ခဲ့သည့်အတွက် ၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ ၄ ရက်နေ့တွင် သေဆုံးခဲ့ရပါသည်။ ကိုပါကြီး၏အလောင်းအား ခွဲစိတ်စစ်ဆေးမှုမှ ခန္ဓာကိုယ်ပေါ်ရှိဒဏ်ရာများသည် မသေဆုံးခင်အချိန်မှ ဒဏ်ရာများဖြစ်ပြီး၊ နှိပ်စက်ညှဉ်းပန်းမှုများ လည်းရှိခဲ့ကြောင်း သက်သေများတွေ့ရှိခဲ့သော်လည်း စစ်တပ်မှ ပြောကြားသည်နှင့် ကွဲလွဲနေပါသည်။ ကိုပါကြီးသေဆုံးမှုအား အရပ်ဖက်တရားရုံးတွင် ဆက်လက် စစ်ဆေးမည်ဖြစ်ကြောင်းလည်း သိရှိရပါသည်။

မြန်မာနိုင်ငံရှိ လူ့အခွင့်အရေးအခြေအနေ အထူးသဖြင့် စစ်တပ်နှင့် ဆက်စပ်သည့် လုပ်ရပ်များအား နိုင်ငံတကာမှ စောင့်ကြည့် အကဲခတ်မှု တိုးမြှင့်လာခဲ့သည်ကို တွေ့ရသည်။ လွှတ်တော်ကိုယ်စားလှယ်မှပင် ၎င်းတို့ပြည်နယ်မှ စစ်တပ်အား ထိန်းချုပ်နိုင်ခြင်းမရှိဟု ဝန်ခံပြောကြားလိုက်ပြီး လုံခြုံရေးအကြောင်းပြချက်ဖြင့် စစ်တပ်မှ ၎င်းတို့၏အာဏာအား အစွမ်းကုန်အသုံးပြု၍ ဥပဒေမဲ့လုပ်ရပ်များ လုပ်နေသည့် ရခိုင်ပြည်နယ်သည် နိုင်ငံတကာ၏ စောင့်ကြည့်မှုများထဲမှ သိသာထင်ရှားသည့် ဥပမာတစ်ရပ်ဖြစ်ပါသည်။ ရခိုင်တပ်မတော် (AA) နှင့် အဆက်အသွယ်ရှိသည်ဟု သံသယရှိပြီး ဖမ်းဆီးဝရမ်း ပြသခြင်းမရှိပဲ မတရားသဖြင့် ဖမ်းဆီးခြင်းမှ ရွာသားများစွာ ဖမ်းဆီးခံခဲ့ရသည့်အပြင်၊ စစ်တပ်မှ ဖမ်းဆီးထားစဉ်အတွင်း နှိပ်စက်ညှဉ်းပန်းမှုများလည်း ရှိကြောင်းသိရှိရပါသည်။ ရခိုင်ပြည်နယ်မှ ထိုအခြေအနေကို ကြည့်ခြင်း အားဖြင့် မြန်မာနိုင်ငံတွင် စစ်တပ်သည် အာဏာသုံးကာ လူ့အခွင့်အရေးချိုးဖေါက်မှုများ ဆက်လက် လုပ်ဆောင်နေကြောင်းကို ပြသလျက်ရှိပါသည်။

အမေရိကန်နိုင်ငံ သမ္မတအိုဘားမားမှ ယခုလတွင် အမေရိကန်နိုင်ငံမှ မြန်မာနိုင်ငံအပေါ် ပိတ်ဆို့အရေးယူမှု ဆက်လက်ကျင့်သုံးရခြင်းသည် မြန်မာနိုင်ငံတွင် ဖြစ်ပေါ်နေသည့် လူ့အခွင့်အရေး ချိုးဖေါက်မှုများထဲမှ စစ်တပ်မှပင် အာဏာသုံးပြီး လူ့အခွင့်အရေးချိုးဖေါက်မှုများ ပြုလုပ်နေခြင်းသည် အကြောင်းပြချက် တစ်ခုဖြစ်ကြောင်း ပြောကြားလိုက်ပါသည်။ ပိတ်ဆို့အရေးယူမှုသည် အမြဲတမ်းအတွက် ထိရောက်မှုမရှိသော်လည်း ပိတ်ဆို့အရေးယူမှုအား ဆက်လက်ကျင့်သုံးခြင်းသည် အမေရိကန်နိုင်ငံမှ မြန်မာအစိုးရ၏ "ပြုပြင်ပြောင်းလဲရေး ပုံရိပ်များအား" အပြည့်အဝယုံကြည်မှု မရှိခြင်းကို ပြသလို၍ဖြစ်ကြောင်း သိရှိရပါသည်။

မြန်မာအစိုးရအနေဖြင့် သတင်းလွတ်လပ်ခွင့်ရှိမှုကို အာမခံရန်အတွက် ယခုလအစောပိုင်းတွင် ကျရောက်သည့် ကမ္ဘာ့သတင်းလွတ်လပ်ခွင့်နေ့တွင် နိုင်ငံတကာအသိုင်းအဝိုင်းမှ ထပ်မံတိုက်တွန်း တောင်းဆိုလိုက်ပါသည်။ မြန်မာနိုင်ငံတွင် လက်တစ်လော ဖြစ်ပေါ်နေသည့် သတင်းမီဒီယာ ပြုပြင်ပြောင်းလဲရေးများ နောက်ကြောင်းပြန်နေခြင်းနှင့် ယခုနှစ်တွင် မကြာမီကျင်းပပြုလုပ်မည့် ရွေးကောက်ပွဲတို့ကြောင့် ထိုတောင်းဆိုမှုသည် အရေးပါလှပြီး၊ အစိုးရအနေဖြင့် သတင်းမီဒီယာ လွတ်လပ်ခွင့်များကို တိုးတက်ဆောင်ရွက်ရမည်ထက်၊ တက်ကြွလှုပ်ရှားသူများ၊ သတင်းထောက်များနှင့် အစိုးရအား ဆန့်ကျင်သူများကို ဖမ်းဆီးနိုင်ရန်အတွက် ဥပဒေများကို ဆက်လက်ကျင့်သုံးရန်သာ အားထုတ်နေခြင်းသည် စစ်မှန်သည့်၊ ဒီမိုကရက်တစ် ပြုပြင်ပြောင်းလဲရေးများကို စိတ်ဝင်စားမှု မရှိကြောင်း သိသာထင်ရှားစွာ ပြသနေခြင်းပင်ဖြစ်သည်။

**ဆက်သွယ်မေးမြန်းရန်**
**တိတ်နိုင်  အတွင်းရေးမှူး  +၆၆(၀) ၈၁၂၈ ၇၈ ၇၅၁**
**ဘိုကြည်  တွဲဘက်အတွင်းရေးမှူး  +၉၅(၀) ၉၄၂၅၃၀ ၈၈၄၀**

# အရေးပါသော ဆက်စပ်သတင်းများ ဖတ်ရန် Links

**ဧပြီလ၃၀ရက်**

*သေဆုံးသူသတင်းထောက်၏ ဖနီးအား ရုံးချိန်းသို့ လာရောက်ရန် အကြောင်းမကြား၊ ဧရာဝတီ (အင်္ဂလိပ်)*

*သေဆုံးသူသတင်းထောက်၏ ဖနီးအား ရုံးချိန်းသို့ လာရောက်ရန် အကြောင်းမကြားခဲ့၊ မြန်မာတိုင်း (အင်္ဂလိပ်)*

**မေလ ၁ ရက်**

*သေဆုံးသူသတင်းထောက်၏ ဖနီးအား ရုံးချိန်းသို့ လာရောက်ရန် အကြောင်းမကြား၊ ဒီဗွီဘီ (အင်္ဂလိပ်)*

*ရဲနှင့်လယ်သမားများ ထိပ်တိုက်တွေ့စဉ် မှတ်တမ်းတင်ဗွီဒီယို ရိုက်ကူးသည့်အတွက် NLD အဖွဲ့ဝင်နှစ်ဦး ဖမ်းဆီးခံရ၊ မြန်မာတိုင်း (အင်္ဂလိပ်)*

**မေလ ၄ ရက်**

*ဒေါ်အောင်ဆန်းစုကြည်နှင့် ပြန်ကြားရေးဝန်ကြီး ကမ္ဘာ့သတင်းလွတ်လပ်ခွင့်နေ့ အခမ်းအနားသို့ တက်ရောက်၊ ဧရာဝတီ (အင်္ဂလိပ်)*

*ထိန်းသိမ်းခံသတင်းထောက်များ လွတ်မြောက်ရေးအတွက် အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့မှ တောင်းဆို၊ မဇ္ဈိမ (အင်္ဂလိပ်)*

*အရေးပေါ် လူနာတင် ယာဉ်မောင်းဖမ်းဆီး၊ တရားစွဲခံရ၊ The Standard Time Daily*

**မေလ ၅ ရက်**

*ကျောင်းသားများလွတ်မြောက်ရေးအတွက် ဆရာများသမဂ္ဂမှ တောင်းဆို၊ ဧရာဝတီ (အင်္ဂလိပ်)*

*ကျောင်းသားများလွတ်မြောက်ရေးအတွက်ဆရာများသမဂ္ဂမှတောင်းဆို၊ မြန်မာတိုင်း (အင်္ဂလိပ်)*

*ရွေးကောက်ပွဲအတွင်း သတင်းလွတ်လပ်ခွင့် ရှိရန် UN တိုက်တွန်း၊ မဇ္ဈိမ (အင်္ဂလိပ်)*

*ထိန်းသိမ်းခံကျောင်းသားများအတွက် ဗမာနိုင်ငံလုံးဆိုင်ရာကျောင်းသားသမဂ္ဂများ အဖွဲ့ချုပ်မှ အခမ်းအနားကျင်းပ၊ မြန်မာတိုင်း (အင်္ဂလိပ်)*

**မေလ ၆ ရက်**

*ဆုတောင်းပွဲစီစဉ်သည့်အတွက် တက်ကြွလှုပ်ရှားသူ သုံးဦးတရားစွဲဆိုခံရ၊ ဒီဗွီဘီ (အင်္ဂလိပ်)*

*ရက္ခိုင့်တပ်မတော်နှင့် ဆက်နွယ်သည်ဟု သံသယရှိသူအမြောက်အများ ဖမ်းဆီးခံရ၊ ဧရာဝတီ (အင်္ဂလိပ်)*

**မေလ ၇ ရက်**

*ရက္ခိုင့်တပ်မတော်နှင့် ဆက်နွယ်သည်ဟုသံသယရှိသူအမြောက်အများ ဖမ်းဆီးခံရ၊ မြန်မာတိုင်း (အင်္ဂလိပ်)*

*ရက္ခိုင့်တပ်မတော်နှင့် ဆက်နွယ်သည်ဟု သံသယရှိသူအမြောက်အများဖမ်းဆီးခံရ၊ Burma International News (အင်္ဂလိပ်)*

**မေလ ၁၁ ရက်**

*ကျောင်းသားသမဂ္ဂ မြေအောက်လှုပ်ရှားမှု မလုပ်ရန် သန္နိဋ္ဌာန် ချမှတ်၊ မြန်မာတိုင်း (အင်္ဂလိပ်)*

*ရက္ခိုင့်တပ်မတော်နှင့် ဆက်နွယ်သည်ဟု သံသယရှိသူအမြောက်အများဖမ်းဆီးခံရ၊ Burma International News (အင်္ဂလိပ်)*

*ကိုပါကြီးအသတ်ခံရမှုတွင် ပါဝင်သော စစ်သားများအား စစ်ခုံရုံးမှ လွှတ်ပေး၊ ဒီဗွီဘီ (အင်္ဂလိပ်)*

**မေလ ၁၂ ရက်**

*အသက်မပြည့်၍ လွတ်မြောက်လာသောကျောင်းသား ထောင်တွင်းအခြေအနေများ ပြောကြား၊ ဧရာဝတီ (အင်္ဂလိပ်)*

*ကိုပါကြီးအသတ်ခံရမှုတွင် ပါဝင်သော စစ်သားများအား စစ်ခုံရုံးမှ လွှတ်ပေး၊ မဇ္ဈိမ (အင်္ဂလိပ်)*

*ရတနာပုံတက္ကသိုလ် ဘေးနားရှိ မြေနှစ်ဧက သိမ်းဆည်းခံရ၊ လွတ်လပ်တဲ့ အာရှအသံ*

**မေလ ၁၃ ရက်**

*လက်ပံတန်းတွင် EU ၏ စံနှုန်းများအတိုင်း လိုက်နာဆောင်ရွက်ခဲ့သည်ဟု ရဲအရာရှိမှ အခိုင်အမာပြောကြား၊ မြန်မာတိုင်း (အင်္ဂလိပ်)*

**မေလ ၁၅ ရက်**

*သတင်းထောက် တစ်ဦး ငြိမ်းစုစီဥပဒေဖြင့် တရားစွဲဆိုခံရ၊ မြန်မာတိုင်း (အင်္ဂလိပ်)*

*တက်ကြွလှုပ်ရှားသူ ခြောက်ဦး လေးနှစ်နှင့်လေးလ ပြစ်ဒဏ် ချမှတ်ခံရ၊ ဧရာဝတီ (အင်္ဂလိပ်)*

*ရဲအရာရှိတစ်ဦးအား စော်ကားမှုဖြင့် သတင်းထောက် တစ်ဦးတရားစွဲဆိုခံရ၊ ဧရာဝတီ (အင်္ဂလိပ်)*

**မေလ ၁၆ ရက်**

*သတင်းထောက် တစ်ဦး ငြိမ်းစုစီဥပဒေဖြင့် တရားစွဲဆိုခံရ၊ လွတ်လပ်တဲ့ အာရှအသံ*

**မေလ ၁၇ ရက်**

*မြန်မာအစိုးရအား ပိတ်ဆို့မှု US ဆက်လက်ကျင့်သုံး၊ ဒီဗွီဘီ (အင်္ဂလိပ်)*

**မေလ၁၈ရက်**

*မြန်မာအစိုးရအား ပိတ်ဆို့မှု US ဆက်လက်ကျင့်သုံး၊မဇ္ဈိမ (အင်္ဂလိပ်)*

*Generation Wave အဖွဲ့မှ ကိုမိုးယံးသွေး ပုဒ်မ ၁၈ ဖြင့် တရားစွဲခံရ၊ လွတ်လပ်တဲ့အာရှအသံ*

**မေလ ၁၉ ရက်**

*ကျောင်းသားသပိတ်အား ဂန်းရုံသော တက္ကသိုလ်ဆရာတစ်ဦး ပြစ်ဒဏ် ချမှတ်ခံရ၊ လွတ်လပ်တဲ့ အာရှအသံ*

**မေလ ၂၀ ရက်**

*ရတနာပုံတက္ကသိုလ်ဘေးနားရှိ မြေ နှစ်ဧကသိမ်းဆည်းခံရ၊ မြန်မာတိုင်း (အင်္ဂလိပ်)*

**မေလ ၂၁ ရက်**

*ယူနတီသတင်းထောက်တို့၏ အယူခံဝင်မှုအား တရားရုံးချုပ်မှ ပယ်ချ၊ မြန်မာတိုင်း (အင်္ဂလိပ်)*

*ရက္ခိုင့်တပ်မတော်နှင့် ဆက်နွယ်သည်ဟုသံသယရှိသူအမြောက်အများဖမ်းဆီးခံရ၊ ဒီဗွီဘီ (အင်္ဂလိပ်)*

*အရေးပေါ်စီမံချက် အက်ဥပဒေအား ဆက်လက်ကျင့်သုံးရန် ပါလီမာန်မှဆုံးဖြတ်၊ ဧရာဝတီ (အင်္ဂလိပ်)*

*သိမ်းဆည်းထားသည့် လယ်မြေများ ပြန်ရရန် လယ်သမားတစ်ဦး ကိုယ့်ကိုယ်ကို မီးရှို့ဆန္ဒပြရာမှ သေဆုံး၊ လွတ်လပ်တဲ့ အာရှအသံ*

*သိမ်းဆည်းခံလယ်မြေများနှင့် ပက်သက်၍ USDP အဖွဲ့ဝင် အမြောက်အများ နှုတ်ထွက်၊ ဒီဗွီဘီ (အင်္ဂလိပ်)*

**မေလ ၂၂ ရက်**

*သိမ်းဆည်းထားသည့် လယ်မြေများ ပြန်ရရန် လယ်သမားတစ်ဦး ကိုယ့်ကိုယ့်ကို မီးရှို့ ဆန္ဒပြရာမှ သေဆုံး၊ ဒီဗွီဘီ (အင်္ဂလိပ်)*

*သိမ်းဆည်းခံလယ်မြေများနှင့် ပက်သက်၍ USDP အဖွဲ့ဝင် အမြောက်အများ နှုတ်ထွက်၊ မြန်မာတိုင်း (အင်္ဂလိပ်)*

**မေလ ၂၅ ရက်**

*ရက္ခိုင့်တပ်မတော်နှင့် ဆက်နွယ်သည်ဟုသံသယရှိသူ အမြောက်အများဖမ်းဆီးခံရ၊ လွတ်လပ်တဲ့ အာရှအသံ*

### မေလ ၂၆ ရက်

*တကိုယ်တော် ဆန္ဒပြသူတစ်ဦး သာယာဝတီထောင်တွင် ထိန်းသိမ်း၊ တရားစွဲဆိုခံရ၊ ဗွီအိုအေ*

*ကျောင်းသားများ အမှုရင်ဆိုင်စဉ် ထောင်တွင်း၌ ဆိုးဆိုးရွားရွား ဆက်ဆံခံရ၊ ဗွီအိုအေ*

*ကျောင်းသားသပိတ်အား ဂန်းရုံသော တက္ကသိုလ်ဆရာတစ်ဦး ပြစ်ဒဏ် ချမှတ်ခံရ၊ မဇ္ဈိမ (အင်္ဂလိပ်)*

*မြေသိမ်းမှုနှင့်စပ်လျဉ်းပြီး လူ ၉ ဦး ထောင်ဒဏ် ချမှတ်ခံရ၊ လွတ်လပ်တဲ့ အာရှအသံ*

### မေလ ၂၇ ရက်

*ဆန္ဒပြ ခေါင်းဆောင် သုံးဦးတရားစွဲခံရ၊ လွတ်လပ်တဲ့ အာရှအသံ*

*လွတ်လပ်ရေးကြေငြာစာတမ်းဖတ်ပြမှုဖြင့် ထိမ်းသိမ်းခံ နိုင်ငံရေးအကျဉ်းသား တစ်ဦးတရားစွဲခံရ၊ လွတ်လပ်တဲ့ အာရှအသံ*

*သတင်းထောက်များ လွှတ်တော်အတွင်း ဝင်ရောက်ရန် တားမြစ်ခံရ၊ ဧရာဝတီ (အင်္ဂလိပ်)*